# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဖေဖော်ဝါရီလ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland February 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် မတရားဖမ်းဆီးမှုနှင့် ဥပဒေမဲ့ချုပ်နှောင်မှုများကို စစ်ကောင်စီက ပိုမိုလုပ်ဆောင် လာပြီး အမျိုးသမီးနှင့် ကလေးသူငယ်များကိုပါ ပစ်မှတ်ထားလာသည်။

**ဖေဖော်ဝါရီလ ၂၀၂၄**

၂၀၂၄ ဖေဖော်ဝါရီလ (၁) ရက်နေ့သည် မအောင်မြင်သည့် စစ်အာဏာသိမ်းမှု (၄) နှစ်ပြည့်သည့်နေ့ ဖြစ်သည်။ စစ်ကောင်စီက ထောင်ပေါင်းများစွာသောပြည်သူများကို သတ်ဖြတ်ခဲ့၊ ထိခိုက်ဒဏ်ရာရစေခဲ့ပြီး ပြည်သူအများအပြား ကိုလည်း မဟုတ်မမှန်သော တရားမျှတမှုမရှိသည့် စွပ်စွဲချက်များဖြင့် ထောင်သွင်းအကျဉ်းချခဲ့သည်။ စစ်ကောင်စီ၏အလုပ်မဖြစ်သည့် မူဝါဒများကြောင့် နိုင်ငံ့စီးပွားရေးလည်း ပျက်စီးယိုယွင်းနေသည်။ အကျိုးဆက်အားဖြင့် ငွေကြေးဖောင်းပွလာပြီး ကုန်ဈေးနှုန်းများသည် အခြေခံလူတန်းစားအများစု လိုက်မမီနိုင်သည့်အခြေအနေသို့ မြင့်တက်လာသည်။ ၎င်းပြင် အကျင့်ပျက်ခြစားမှုများနှင့် စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကျန်းမာရေးနှင့် ပညာရေးစသည့် လူမှုကဏ္ဍများသည်လည်း တဖြည်းဖြည်းယိုယွင်းပျက်စီးလာနေသည်။

အဆိုပါတိုက်ခိုက်မှုများကို ချက်ချင်းအဆုံးသတ်ရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကြေညာချက်ထုတ်ပြန် တောင်းဆိုခဲ့သည်။ အလှူရှင်များနှင့် မူဝါဒရေးဆွဲသူများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့်လည်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် ဒီမိုကရေစီအရေးလှုပ်ရှားသူများကို ထောက်ပံ့ကူညီရန် အာရုံစိုက် လုပ်ဆောင်ရမည်။ သမိုင်းစာမျက်နှာတွင် အမှန်တရားဘက်မှ ရပ်တည်နိုင်ရန်အတွက် ပါဝင်ပတ်သက်သူများ အားလုံးသည် ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများနှင့် ထိတွေ့လုပ်ဆောင်ရမည် ဖြစ်သည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်းတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ချွတ်ခြုံကျလာသည်ကို သက်သေသာဓကများဖြင့် မြင်တွေ့နေရသည်။ လက်လွတ်ဆုံးရှုံးလိုက်ရသည့်နယ်မြေများကို ပြန်လည်ရယူရန်နှင့် အသေအပျောက် အကျအဆုံးများနေသည့် စစ်တပ်ကို အင်အားပြန်လည် ဖြည့်တင်းရန်အတွက် လွန်ခဲ့သည့် အနှစ် (၂၀) ကတည်းက ပြဋ္ဌာန်းခဲ့သည့် "ပြည်သူ့စစ်မှုထမ်းဥပဒေ" ကို အသက်သွင်းကြောင်း စစ်ကောင်စီက ကြေညာခဲ့သည်။ အဆိုပါဥပဒေအရ အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိ အမျိုးသားများနှင့် အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်းရှိ အမျိုးသမီးများသည် အနည်းဆုံး (၂) နှစ် စစ်မှုထမ်းရ မည်ဖြစ်သည်။ စစ်ကောင်စီက စစ်မြေပြင်တွင် သမိုင်းဝင်ရှုံးပွဲများ ကြုံတွေ့နေရချိန်တွင် **"စစ်မှုမထမ်းမနေရဥပဒေ"** ကို အသက်သွင်းလိုက်ခြင်းသည် တိုက်ဆိုင်မှုတစ်ခု မဟုတ်ချေ။ အဆိုပါဥပဒေကြောင့် လူငယ်လူရွယ်များနှင့် အနာဂတ်မျိုးဆက်များသည် ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုကို ကြုံတွေ့ရမည်ဖြစ်သည်။

လက်ရှိအချိန်သည် အတန်းတင်စာမေးပွဲများကို ဖြေဆိုနေရသည့်အချိန် ဖြစ်သည်။ သို့သော် ကျောင်းသားမိဘများက "စစ်မှုထမ်းဥပဒေ" ကို ကြောက်ရွံ့ကာ ၎င်းတို့၏သားသမီးများကို ကျောင်းထွက်ခိုင်းလိုက်ကြသည်။

ဖေဖော်ဝါရီလ ၂၀၂၄

**"စာမေးပွဲကာလဆိုလည်း မိဘတွေက မစောင့်နိုင်တော့ဘူး။ စစ်ထဲဝင်ရမှာကြောက်လို့ ကျောင်းထုတ်လိုက်တယ်။ အခု ဆို ကျောင်းကြီးဆို အယောက် (၃၀) ကနေ (၅၀) ကြား၊ ကျောင်းငယ်ဆို (၁၀) ယောက်ကနေ အယောက် (၂၀) ကြား ကျောင်းသားတွေ လျော့ကုန်တာ"** ဟု အထက်တန်း ပညာရေးအတွက် ကူညီပေးနေသူ မုံရွာမြို့နယ်မှ ပြည်သူတစ်ဦးက ပြောသည်။

၂၀၂၄ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် "**ပြည်သူ့စစ်မှုထမ်း ဥပဒေ**" ကို စစ်ကောင်စီက အသက်သွင်းခဲ့ပြီး အဆိုပါဥပဒေ အတည်ပြုပြီးနောက်ပိုင်း မွန်ပြည်နယ်ရှိ မြို့နယ်နှင့် ကျေးရွာ အချို့မှ လူငယ်များသည် တိကျသေချာသည့် အကြောင်းရင်း မရှိဘဲ ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် မော်လမြိုင်မြို့၊ မြေနီးကုန်းရပ်ကွက်၌ ရေးမြို့နယ်မှ လူငယ် (၂) ဦးကို လည်းကောင်း၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာမှ အမျိုးသား (၁) ဦးနှင့် အမျိုးသမီး (၁) ဦးကိုလည်းကောင်း စစ်ကောင်စီ တပ်က အကြောင်းမဲ့ဖမ်းဆီးခဲ့သည်။ "ပြည်သူ့စစ်မှုထမ်း ဥပဒေ" ကို အကြောင်းပြု၍ စစ်ကောင်စီက ဒေသခံ ပြည်သူများကို ပေါ်ပေါ်ထင်ထင်ဖမ်းဆီးကာ "**ပေါ်တာ**" ဆွဲခြင်းပြုလုပ်လာမည်ကို ပြည်သူများက စိုးရိမ်ပူပန် နေသည်။

စစ်ကောင်စီက တိုင်းပြည်ကို အကြောက်တရားနှင့် ခြိမ်းခြောက်မှုများဖြင့် ထိန်းချုပ်ရန် ကြိုးပမ်းနေသည်။ သို့သော် အမှောင်မိုက်ဆုံးသောကာလတွင်ပင် ပြည် သူများ၏တော်လှန်ရေးစိတ်ဓာတ်သည် တောက်ပနေ ဆဲဖြစ်သည်။ ဒီမိုကရေစီလှုပ်ရှားမှုနှင့် တသားတည်း ဖြစ်ကြောင်း ပြသရန်အတွက် "အသံတိတ်သပိတ်" များကို မြို့နယ်အများအပြား တွင် ပြုလုပ်ခဲ့ကြသည်။ စစ်ကောင်စီသည် တရားမဝင်ကြောင်း၊ နိုင်ငံတော် အာဏာကို မတရားရယူထားသည့် အဖွဲ့အစည်းတစ်ခု သာဖြစ်ကြောင်း အဆိုပါအသံတိတ်သပိတ်များက ဖော်ပြ နေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်း ဒေသဖြစ်သည့် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အေးချမ်းမှု၊ လုံခြုံမှုနှင့် အကာအကွယ်ရရှိမှုများ နှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများသည် ဆက်လက်မြင့် တက်နေဆဲဖြစ်သည်။

ယခုဖေဖော်ဝါရီလတွင် သာမန်ပြည်သူများနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ လွှတ်တော်ကိုယ်စားလှယ် ဟောင်းများကို လက်နက်ကိုင်တော်လှန်ရေးကို အားပေး ကူညီသည်ဟုဆိုကာ စစ်ကောင်စီက မတရားဖမ်းဆီးခဲ့ သည်။ အဆိုပါဖမ်းဆီးမှုများတွင် အမျိုးသမီးများလည်း အများအပြားပါဝင်နေသည်။

စစ်တပ်က ဖမ်းဆီးထိန်းသိမ်းထားသည့် ဒေသခံတစ်ဦးကို လက်နက်ကိုင်အဖွဲ့များကို ကူညီထောက်ပံ့သည်ဟု ၂၀၂၄ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် စွဲချက်တင်ခဲ့ သည်။ အသက် (၄၃) နှစ်အရွယ် ဆိုင်ကယ်ပြုပြင်သူ ကို စစ်ကောင်စီ တပ်သားများက ညနေစောင်းအချိန် တွင် ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီက လွတ်လပ်စွာဆန္ဒ ထုတ်ဖော်ခွင့်အပါအဝင် အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်မှုကို ဆက်လက်ဖိနှိပ်ဖြိုခွင်းနေသည်။

ဦးမြသန်းသည် ဆန္ဒပြပွဲများတွင် ပါဝင်သည့်အပြင် ရေးမြို့နယ်အခြေစိုက် တော်လှန်ရေးအဖွဲ့များကို လက်နက်နှင့် ရိက္ခာထောက်ပံ့ခဲ့သည်ဟု စစ်ကောင်စီက စွပ်စွဲသည်။ ၎င်းကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)၊ ၅၀(ဈ) နှင့် ၅၂(က) တို့ဖြင့် အရေးယူခဲ့ သည်။

အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို ကူညီထောက်ပံ့သည်ဟူသော စွပ်စွဲချက် ဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဒေသခံပြည်သူအ ယောက် (၁၀၀) နီးပါးကို စစ်တပ်က ဖမ်းဆီးထိန်းသိမ်း ခဲ့သည်။

## ဖေဖော်ဝါရီလ ၂၀၂၄

ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ရဲအရာရှိဟောင်း ကိုဝတုတ်၏ နေအိမ်ကို စစ်ကောင်စီတပ်သားများက ဝင်ရောက်စီးနင်းပြီး ၎င်းကို ဖမ်းဆီးခဲ့သည်။ ဇန်နဝါရီလ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅) နှင့် (၁၆) ရက်နေ့များတွင်လည်း သံဖြူဇရပ်ဒေသခံပြည်သူ (၇) ဦး ဆက်တိုက် ဖမ်းဆီးခံခဲ့ရသည်။ ၎င်းတို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့်ပတ်သက်သည်ဟု စစ်ကောင်စီက စွပ်စွဲထားသည်။

ဖေဖော်ဝါရီလ (၁၀) ရက်နေ့ ညသန်းခေါင်အချိန်တွင် စစ်ကောင်စီက ဖောင်တောအုပ်ချုပ်ရေးမှူးဟောင်း ဦးခင်မောင်သန်းနှင့် ကံပေါက်ရွာသား ကိုကျော်ဆက်လင်းတို့ကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို ရေဖြူမြို့နယ်အခြေစိုက် မောရဝတီရေတပ်စခန်းဌာနချုပ်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဦးခင်မောင်သန်းသည် အမျိုးသားဒီမိုကရေစီအစိုးရ လက်ထက်တွင် ဖောင်တောကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် (၅) နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ စစ်ကောင်စီက ၎င်းကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ကိုကျော်ဆက်လင်းကို ဖေဖော်ဝါရီလ (၁၁) ရက်နေ့ မနက်ပိုင်းတွင် ဖမ်းဆီးခဲ့သည်။ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း အုပ်ချုပ်ရေးမှူးရာထူးမှ အနားယူခဲ့သူ ဦးခင်မောင်သန်း၏နေအိမ်ကို စစ်ကောင်စီတပ်သား များက (၄) ကြိမ်ထက်မနည်း လာရောက်ခဲ့သည်။ ၂၀၂၃ ဒီဇင်ဘာလမှစ၍ မောရဝတီရေတပ်က ကံပေါက်ဒေသခံများကို ဆက်တိုက်ဖမ်းဆီးနေသည်။ ယခုလမှစ၍ သံသယရှိပါက နေအိမ်များကို ဝင်ရောက်ရှာဖွေခြင်းနှင့် လက်ကိုင်ဖုန်း များကို စစ်ဆေးခြင်းများကိုပါ ကျူးလွန်လာသည်။ ၂၀၂၃ ဒီဇင်ဘာလ တတိယအပတ်တွင် ကံပေါက်ဒေသခံ (၆) ဦးကို ဖမ်းဆီးခဲ့ပြီး (၄) ဦးသာ ပြန်လည်လွှတ်ပေးခဲ့သည်။

အုန်းပင်ကွင်း၊ ဖောင်တော၊ သရက်ချောင်းနှင့် ဇာဒီကျေးရွာအုပ်စုများတွင် မောရဝတီရေတပ်မှ စစ်ကောင်စီတပ်သားများက ဒေသခံပြည်သူများကို ဖမ်းဆီးခြင်း၊ ကင်းလှည့်လည်ခြင်းနှင့် စစ်ဆေးခြင်းများကို လုပ်ဆောင်နေသည်။

၂၀၂၄ ဇန်နဝါရီလတွင် တနင်္သာရီဒေသမှ ဒေသခံပြည်သူ အယောက် (၂၀၀) နီးပါး ဖမ်းဆီးခံခဲ့ရသည်။ ထားဝယ်မြို့နယ်မှ အနည်းဆုံးအယောက် (၁၀၀) ဖမ်းဆီးခံခဲ့ရပြီး ပုလောမြို့နယ်မှ အယောက် (၂၀)၊ မြိတ်မြို့နယ်မှ အယောက် (၃၀) နှင့် သရက်ချောင်းမြို့နယ်မှ အနည်းဆုံး (၁၀) ယောက် ဖမ်းဆီးခံခဲ့ရသည်။

ဖမ်းဆီးမှုများကို ဆက်တိုက်လုပ်ဆောင်နေခြင်းက စစ်တပ်တွင် "ဗရမ်းဗတာ" ဖြစ်နေသည်ကို ပြသနေခြင်းဖြစ်သည်။ တရားဝင်မှုနှင့် နယ်မြေစိုးမိုးမှုကို ဆုံးရှုံးနေသည့်စစ်တပ်က ဒေသခံပြည်သူများကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။ စစ်ကောင်စီ၏အကျဉ်းထောင်များတွင် လုံခြုံမှုမရှိတော့သည့် နိုင်ငံရေးအကျဉ်းသားများ၏ အတိဒုက္ခများကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းက အရေးတယူပြုလုပ်သင့်သည်။

အပြစ်မဲ့ပြည်သူများအပေါ် စစ်ကောင်စီက မြေပြင်ထိုးစစ်များအပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်နေသည်။ တနင်္သာရီတိုင်း ပုလောမြို့နယ်တွင် တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လာသဖြင့် ထောင်ပေါင်းများစွာသောဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။ ၂၀၂၄ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် နံနက်ပိုင်းကတည်းက တိုက်ပွဲများဖြစ်ပွားနေသဖြင့် ထောင်နှင့်ချီသော မီးလောင်ချောင်းဒေသခံများ ထွက်ပြေးနေရသည်။ နှစ်ဖက်တိုက်ပွဲ ပြင်းထန်နေသဖြင့် ပုလောမြို့နယ်မှ လမ်းအနည်းဆုံး (၃) ခု ပိတ်ဆို့သွားသည်။

ပြီးခဲ့သည့်နှစ် ဇွန်လတွင် ပုလောမြို့အဝင်အထွက်ကို စစ်ကောင်စီက (၂) ရက်တာ ပိတ်ဆို့ထားသဖြင့် ခရီးသွားပြည်သူများ အစားအစာနှင့် နေစရာများ ခက်ခဲခဲ့သည်။ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ထားဝယ်အခြေစိုက် စစ်စခန်းတစ်ခုကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်သား (၇) ဦးကို အရှင်ဖမ်းမိခဲ့သည်။

တိုက်ပွဲများအကြားတွင် အမျိုးသမီးနှင့် ကလေးငယ်များ ပိတ်မိနေခဲ့သည်။ သထုံအခြေစိုက် အမှတ် (၉) ခြေမြန်တပ်ရင်းက ကော့လှိုင်းကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် အသက် (၉) နှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စေသက်နိုင်ထွေးသည် ဗုံးစထိမှန်ပြီး ခြေထောက်တစ်ဖက် ထိခိုက်ခဲ့သည်။

"စစ်တပ်က လက်နက်ကြီးနဲ့နေ့တိုင်းပစ်နေတာ။ အိမ်မှာ နေ,နေတဲ့ကလေးတစ်ယောက် ထိသွားတယ်။ ဒဏ်ရာက ပြင်းတယ်။ ခြေသလုံးအရိုးကျိုးသွားတာ။ တစ်ရွာလုံး ကြောက်လန့်နေကြတယ်" ဟု ကော့လှိုင်းကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ကော့လှိုင်းကျေးရွာသည် သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံး တပ်မဟာ (၁) လက်အောက်တွင် ရှိပြီး ကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် နေ့စဉ်ပစ်ခတ်တိုက်ခိုက်နေသဖြင့် ဒေသခံပြည်သူများမှာ လုပ်ငန်းခွင်ဝင်ရန်ပင် အခက်အခဲဖြစ်နေပြီး စိုးရိမ်ထိတ်လန့်စွာ နေထိုင်နေရသည်။

ဇန်နဝါရီလ (၃၀) ရက်နေ့တွင် သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံး ဘားအံမြို့နယ် ဖလန်တောင်ကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အသက် (၁၅) နှစ်အရွယ် ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၂၄ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းရွာဟောင်းကို စစ်တပ်က လက်နက်ကြီးဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ရာ ကလေးငယ် (၁) ဦး အပါအဝင် ဒေသခံပြည်သူ (၇) ဦး ထိခိုက်ခဲ့ပြီး နေအိမ် (၁) လုံး ပျက်စီးခဲ့သည်။ ကျုံလောင်းရွာဟောင်းသည် မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေတွင် ရှိသည်။

ရေးမြို့နယ်အခြေစိုက် အမှတ် (၃၁၆) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဒေသတွင် တိုက်ပွဲတစ်စုံတရာ ဖြစ်ပွားခြင်းမရှိဘဲ စစ်တပ်က လက်နက်ကြီး (၅) လုံး ရမ်းသမ်းပစ်ခတ်ခဲ့သည်။ နေအိမ်ပေါ်သို့ လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် (၁၀) နှစ်အရွယ် ကလေးငယ် (၁) ဦး၊ အမျိုးသား (၅) ဦးနှင့် အမျိုးသမီး (၁) စုစုပေါင်း မိသားစုဝင် (၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စစ်တပ်က နယ်မြေထိန်းချုပ်မှုများ ပိုမိုလုပ်ဆောင်လာချိန်တွင် အမျိုးသမီးများမှာ ပစ်မှတ်ထားခြင်းခံလာရသည်။ ဖေဖော်ဝါရီလ (၁၇) ရက်နေ့ ည (၁၁) နာရီအချိန်တွင် ညီအစ်မ (၂) ဦးဖြစ်သူ အသက် (၄၀) အရွယ် ဒေါ်ချိုချိုနှင့် ဒေါ်ညိုညို တို့ကို မောရဝတီရေတပ်က ဖမ်းဆီးခဲ့သည်။ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင်လည်း CDM ကျောင်းဆရာမတစ်ဦးဖြစ်သူ မင်းသားရွာသူ ဒေါ်ကေဂျာဦးကို ကံပေါက်မှ စျေးဝယ်ပြီးအပြန်တွင် စစ်တပ်က ဖမ်းဆီးခဲ့သည်။

"မောရဝတီရေတပ်က ညဘက်မှာ အိမ်ကိုဝင်စီးပြီး လူဖမ်းတာက ခဏခဏဖြစ်လာတယ်။ အနည်းအကျဉ်း လောက်ပဲ လွတ်သွားတယ်" ဟု ကံပေါက်ဒေသခံတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလ (၁၅) ရက်နေ့ ညတွင်လည်း ရေဖြူမြို့နယ် သဲချောင်းကျေးရွာအုပ်စု သဘုတ်ချောင်းကျေးရွာမှ အမျိုးသမီးငယ်တစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဖေဖော်ဝါရီလ (၁၅) မှ (၁၈) ရက်အထိ (၄) ရက်တာကာလ အတွင်း စစ်ကောင်စီက ကံပေါက်ဒေသမှ အမျိုးသမီး (၄) ဦးအထိ ဖမ်းဆီးခဲ့သည်။

"အဖမ်းခံရသူတွေရဲ့ လက်ကိုင်ဖုန်းတွေကို အဆင့်မြင့်နည်းပညာနဲ့ စစ်တယ်။ အဖမ်းခံရသူတွေနဲ့ အဆက်အသွယ်ခဏခဏလုပ်ထားတဲ့သူတွေကို ထပ်ဖမ်းတယ်။ အခန်းတစ်ခုထဲမှာ အကုန်လုံးဖမ်းချုပ်ထားတယ်" ဟု မကြာသေးမီက ပြန်လည်လွတ်မြောက်လာသူတစ်ဦးက ပြောသည်။ နှစ်ဆန်းပိုင်းမှစ၍ မောရဝတီရေတပ်က ကံပေါက်ဒေသခံများကို ဖမ်းဆီးစစ်ဆေးမှုများ ဆက်တိုက်လုပ်ဆောင်နေသည်။

၂၀၂၄ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေနတ်တောင်ရပ်ကွက်မှ အမျိုးသမီးတစ်ဦးကို အကြမ်းဖက်မှုကို အားပေးသည်ဟုဆိုကာ

## ဖေဖော်ဝါရီလ ၂၀၂၄

စစ်ကောင်စီက လာရောက်ဖမ်းဆီးသွားကြောင်း သိရသည်။ ပရိဘောဂဆိုင်ပိုင်ရှင်ဖြစ်သူ အသက် (၂၈) နှစ်အရွယ် ဒေါ်သီရိရတနာမောင်သည် နိုင်ငံတော်အေးချမ်းသာယာရေးကို ထိခိုက်စေရန် လူမှုကွန်ရက်တွင် ရေးသားသည်ဟု စစ်ကောင်စီက စွပ်စွဲပြီး အင်အားအလုံးအရင်းဖြင့် နေအိမ်တွင်လာရောက် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

“(စစ်ကောင်စီက) ကျည်ကုန်နေပြီ” ဟူသော ၎င်း၏မှတ်ချက် ရေးသားမှုက နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည့်အပြင် နွေဦးတော်လှန်ရေးကို အားပေးရာရောက်သည်ဟု စစ်ကောင်စီက ထုတ်ပြန်ခဲ့သည်။ ဒေါ်သီရိရတနာမောင်ကို ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(က) ဖြင့် အမှုဖွင့်ခဲ့သည်။ သံဖြူဇရပ်မြို့နယ်အပါအဝင် မွန်ပြည်နယ် တဝန်းလုံးရှိ သာမန်ပြည်သူများသည် မဟုတ်မမှန်စွပ်စွဲချက်များဖြင့် ဖမ်းဆီးခံနေရသည်။

သာသနာ့ဝန်ထမ်းများလည်း ပစ်မှတ်ထားဖမ်းဆီးခံနေရသည်။ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်ဆင်ရေးတွင် သံဃာတော် (၁) ပါးနှင့် ပြည်သူ (၁) ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့သည်။ မနက် (၆) နာရီအချိန်တွင် နန်းပရောက်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် သင်္ကန်းဝတ်နေသည့် အသက် (၄၀) နှစ်အရွယ် ကိုဝဏ္ဏနှင့် ဘုန်းတော်ကြီးကျောင်းရှေ့က နေအိမ်မှ အမျိုးသား (၁) ဦးကို စစ်ကောင်စီတပ်သားများက ဖမ်းဆီးခေါ်ဆောင် သွားသည်။

“ဦးဝဏ္ဏက ဘုန်းကြီးဖြစ်နေပြီ။ ဒါကို လူဝတ်လဲပြီးတော့ ဖမ်းသွားတာ” ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

မြိတ်ခရိုင်တပ်ရင်း (၁) မှ အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ နန်းပရောက်ကျေးရွာအနီးတွင် စစ်ကြောင်းထိုးနေသည့် စစ်ကောင်စီတပ်သားများက ပြည်သူ (၂) ဦးကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခဲ့သည့် သံဃာတော် (၁) ပါးနှင့် အမျိုးသား (၁) ဦးကို ပုလောမြို့မရဲစခန်းတွင် ထိန်းသိမ်းထားပြီး အမှတ် (၂၈၅) ခြေမြန်တပ်ရင်းသို့ ခေါ်ဆောင်သွားသည်။

ဖမ်းဆီးထားသူများထံမှ သတင်းအချက်အလက် ရရှိရန်အတွက် ညှဉ်းပန်းနှိပ်စက်သည့်နည်းလမ်းကို စစ်ကောင်စီက ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေသည်။ မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းရပ်ကွက်မှ လူငယ် (၁) ဦးကို ၂၀၂၄ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ဖမ်းဆီးပြီး ပြင်းထန်စွာ ရိုက်နှက်နှိပ်စက်ခဲ့သည်။ နှိပ်စက်မှုဒဏ်ကြောင့် ၎င်းသည် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်လူနာအဖြစ် ကုသမှုခံယူနေရသည်။

အသက် (၂၂) နှစ်အရွယ် “**တက်တူးဆရာ**” မောင်အောင်ကိုကိုသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ သင်တန်းဆင်း ဖြစ်ကြောင်း စစ်ဘော်လီများက လှုံ့ဆော်ခဲ့ခြင်းကြောင့် စစ်ကောင်စီနှင့် ပျူစောထီးအဖွဲ့က လာရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ၎င်းကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြင်းထန်စွာစစ်ဆေးမေးမြန်းခဲ့သည်။ ညှဉ်းပန်းနှိပ်စက်မှုကြောင့် မျက်နှာ၊ ဦးခေါင်းနှင့် ခန္ဓာကိုယ်အနှံ့အပြားတွင် အညိုအမဲစွဲဒဏ်ရာများ ရရှိခဲ့ပြီး ဖေဖော်ဝါရီလ (၇) ရက်နေ့အထိ ဆေးရုံမှမဆင်းနိုင်သေးကြောင်း သိရသည်။ ၎င်းပြင် မောင်အောင်ကိုကို,ကို မုပွန်နယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် အမှုဖွင့် အရေးယူထားသည်။

စစ်အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခဲ့သူများကို ဒီမိုကရေစီ လှုပ်ရှားမှုကို အားပေးထောက်ခံသည်ဟုဆိုကာ စစ်ကောင်စီက အငြိုးထားနေသည်။ ၂၀၂၄ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် မွန်ပြည်နယ် ချောင်းဆုံမြို့ အရှေ့ရပ်ကွက် ရာဇာဓိရာဇ်လမ်းတွင် ဖွင့်လှစ်ထားသော “အဓိပတိ” ကိုယ်ပိုင်အထက်တန်းကျောင်း ပိုင်ရှင် အမျိုးသားတစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးလိုက်ကြောင်း သိရသည်။ အသက် (၄၄) နှစ်အရွယ် ဦးချစ်ကိုကိုသည် စစ်ကောင်စီလက်အောက်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအားလုံး CDM (အာဏာရှင်လက်အောက်တွင် အမှုမထမ်းကြရန်) ၎င်း၏လူမှုကွန်ရက်မှတဆင့် လှုံ့ဆော်သည်ဟု စစ်ကောင်စီက စွပ်စွဲကာ ကျောင်းအတွင်း ဝင်ရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

## ဖေဖော်ဝါရီလ ၂၀၂၄

ဦးချစ်ကိုကို,ကို ချောင်းဆုံမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် အမှုဖွင့်အရေးယူထားသည်။

မြန်မာနိုင်ငံရှိ ပြည်သူလူထုများအပေါ် ဆက်လက်အကြမ်းဖက်နေခြင်းသည် နိုင်ငံတကာဥပဒေများ၊ စာချုပ်များနှင့် အခြေခံလူ့အခွင့်အရေးမူဘောင်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်နေခြင်း ဖြစ်သည်။ သို့သော် အကြမ်းဖက်စစ်ကောင်စီကို ၎င်းတို့ကျူးလွန်မှုအတွက် ပြစ်ဒဏ်ကျခံစေရန် မလုပ်ဆောင်နိုင်ခြင်းသည် နိုင်ငံတကာဥပဒေများ၏ အားနည်းမှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများ၏ နိုင်ငံရေးအရ စိတ်ပါဝင်စားခြင်း,မရှိမှုတို့ကို မီးမောင်းထိုးပြနေသည်။ ကျူးလွန်သူများကို အပြစ်ပေးအရေးယူနိုင်မှသာလျှင် အကြမ်းဖက်မှုများကို ရပ်တန့်နိုင်မည်ဖြစ်သည်။ လက်နက်ရောင်းဝယ်မှုကို တားမြစ်ရန်၊ ပိတ်ဆို့အရေးယူမှုများကို ပစ်မှတ်ထားချမှတ်ရန်နှင့် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံးသို့ လွှဲပြောင်းစီရင်စေရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထပ်တလဲလဲ တောင်းဆိုသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ ဖေဖော်ဝါရီလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၉၀) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၆၅) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၅၄) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၂၆) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၄ ဖေဖော်ဝါရီလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဖေဖော်ဝါရီလ ၂၀၂၄




**7+**

စစ်ကောင်စီ၏ ပစ်မှတ်ထားခြင်းခံရသည့် ဒီမိုကရေစီအရေး
တက်ကြွလှုပ်ရှားသူဦးရေ

# 9

## ၂၀၂၄ ဖေဖော်ဝါရီလတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 9 | 1 | 0 |
| --- | --- | --- |
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၂၆,၆၅၀+

**စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေးရှောင်ပြည်သူဦးရေ**

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 9+ | 6+ | 6+ |
| --- | --- | --- |
| စစ်အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် အလုပ်မှထုတ်ပယ်ခံရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီတပ်က အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ |

# 55+

စီမံကိန်းဒေသများတွင် ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ်
အသုံးပြုခံရသည့် ရွာသားများဦးရေ

## 130+

ထိခိုက်ပျက်စီးခဲ့သော
လူနေအိမ်အရေအတွက်



## 150+

ဖောက်ထွင်းခိုးယူခံခဲ့ရသည့်
လူနေအိမ်အရေအတွက်

## 86+

မတရားဖမ်းဆီးသိမ်းယူခဲ့သော
မော်တော်ဆိုင်ကယ်အရေအတွက်

## 6+

ဒီမိုကရေစီအရေးလှုပ်ရှားနေသည့်အဖွဲ့အစည်း
များနှင့် ဆက်နွယ်ပတ်သက်သည်ဟု စွပ်စွဲခံရပြီး
အပြစ်ပေး အရေးယူခံရသည့်ပြည်သူများဦးရေ

## 34+

စစ်ကောင်စီတပ်ကသိမ်းဆည်းခဲ့သည့်
မော်တော်ယာဉ်အရေအတွက်

# 100+

မြိတ်အကျဉ်းထောင်မှ ကော့သောင်းအကျဉ်းထောင်သို့ ပြောင်းရွှေ့ခံလိုက်ရသည့်
နိုင်ငံရေး အကျဉ်းသားများဦးရေ



စစ်ကောင်စီက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေများတွင် ဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးလိုင်းများကို ၂၀၂၄ ဖေဖော်ဝါရီလ (၂၆) ရက်နေ့အထိ (၃၅) ကြိမ် နှင့်အထက် ဖြတ်တောက်ခဲ့သည်။

## ကရင်ပြည်နယ်

- IDP 11,350 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 18 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

## မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

ကရင်ပြည်နယ်တွင် တိုက်ပွဲများဆက်လက်ပြင်းထန်နေပြီး စစ်ကောင်စီက အရေးပါသည့်တပ်စခန်းများကို လျင်လျင်မြန်မြန်လက်လွှတ်ဆုံးရှုံးနေရသည်။

ကရင်အမျိုးသားအစည်းအရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဗဒိုစောတောနီး၏ ပြောကြားချက်အရ ၎င်းတို့၏တပ်မဟာ (၃) ခု အခြေစိုက်ရာ မွန်နှင့် ကရင်ပြည်နယ်များနှင့် ပဲခူးတိုင်းတွင် ကရင်အမျိုးသားအစည်းအရုံးက နယ်မြေထိန်းချုပ်မှု ပိုမိုရရှိလာသည်။ မြဝတီ - ကျုံဒိုး အာရှလမ်းမကြီးကိုလည်း ကရင်အမျိုးသားအစည်းအရုံးက ထိန်းချုပ်ထားသည်။

၂၀၂၄ ဖေဖော်ဝါရီလ (၁) ရက်နေ့အထိ ကရင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ (၇၀၀,၀၀၀) ကျော် ရှိလာကြောင်း ဒေသခံလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်က ထုတ်ပြန်ထားသည်။

စစ်ရေးအရ ရှုံးနိမ့်လာသည့် စစ်ကောင်စီက ပြည်သူများကို ပစ်မှတ်ထားလာသည်။ ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် လွတ်ရှမ်းကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဒရုန်းဖြင့်ဗုံးကြဲခဲ့သဖြင့် အမျိုးသမီး (၁) ဦး သေဆုံးခဲ့သည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၃၂၅) အမြောက်တပ်ရင်းက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အသက် (၅၃) နှစ်အရွယ် အမျိုးသမီးသည် ဦးခေါင်းတွင် ဗုံးစထိမှန်ပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

**“စစ်ကောင်စီက ပြည်သူတွေနေတဲ့ ကျေးရွာတွေကို လက်နက်ကြီးနဲ့ရော ဗုံးကျဲတာရော အကြောင်းမဲ့ အမြဲလုပ်နေတယ်”** လွတ်ရှမ်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အလားတူတိုက်ခိုက်မှုကို ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် ထပ်မံလုပ်ဆောင်ခဲ့ကြောင်း ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်က ပြောသည်။ ညောင်လေးပင်မြို့နယ်အခြေစိုက် အမှတ် (၂၀) ခြေမြန်တပ်ရင်းက ကလာလွိုးထူးခရိုင် ရှောထီးမြို့နယ် ဘေးကေး(ချုံအင်း)ကျေးရွာကို နေ့ခင်း (၁) နာရီအချိန်တွင် ၁၂၀ မမ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ အသက် (၄၆) နှစ်အရွယ် အမျိုးသမီး (၁) ဦး ကျည်ထိမှန်ခဲ့ပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

စစ်ကောင်စီ၏အကြမ်းဖက်မှုများကို ကြုံတွေ့ခံစားခဲ့ရသည့်ပြည်သူများက တရားမျှတမှုကို ပြန်လည်ရယူလိုနေကြသော်လည်း တရားစီရင်ရေးစနစ်ကို စစ်ကောင်စီက ထိန်းချုပ်ခြယ်လှယ်ထားသဖြင့် ပြည်သူများအတွက် တရားမျှတမှုသည် ငြင်းပယ်ခံနေရဆဲဖြစ်သည်။

“စစ်ကောင်စီက ပြည်သူတွေနေတဲ့ ကျေးရွာတွေကို လက်နက်ကြီးနဲ့ရော ဗုံးကျဲတာရော အကြောင်းမဲ့ အမြဲလုပ်နေတယ်”

## မွန်ပြည်နယ်

- IDP 6,800 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 12 ဦးခန့်
- သေဆုံးသူ 6 ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

မွန်ပြည်နယ်တွင် အစိုးရိမ်ရဆုံးသောအခြေအနေတစ်ခုမှာ စစ်ကောင်စီက ပြည်သူများကိုဆက်တိုက်ပိုမိုဖမ်းဆီးလာခြင်း ဖြစ်သည်။ အပြစ်မဲ့ပြည်သူများကို ဥပဒေမဲ့ချုပ်နှောင်မှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ရှိထားသည်။ ရာမညဖက်ဒရယ်အင်အားစုသစ်၏ ထုတ်ပြန်ချက်အရ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မွန်ပြည်နယ်တွင် ဒေသခံပြည်သူ (၁၀၅) ဦးသတ်ဖြတ် ခံခဲ့ရပြီး အယောက် (၉၀၀) ကျော်သည် မတရားဖမ်းဆီးခြင်းခံခဲ့ရသည်။

ဖေဖော်ဝါရီလ (၁၄) ရက်နေ့ ညသန်းခေါင်အချိန်တွင် စစ်သားများက နေအိမ်ကို ဝင်ရောက်စီးနင်းမှုကြောင့် အသက် (၄၀) အရွယ် ရေတွင်းကုန်းရွာသား ကိုသန်းဝင်းအောင်သည် လန့်နိုးလာခဲ့သည်။ စစ်တပ်က ဝင်ရောက်ဖမ်းဆီးချိန်တွင် ၎င်းက အိပ်ပျော်နေခဲ့သည်။ ထွက်ပြေးရန်ကြိုးစားချိန်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး ဝဲဘက်ဝမ်းဗိုက်တွင် ဒဏ်ရာရရှိခဲ့သည်။ စစ်တပ်က ဒဏ်ရာရသွားသူ ကိုသန်းဝင်းအောင်ကို ဖမ်းဆီးခေါ်ဆောင်သွားသည်။ ဖေဖော်ဝါရီလ (၁၅) ရက်နေ့ ညနေတွင် ကိုသန်းဝင်းအောင်သေဆုံးသွားပြီဖြစ်ကြောင်း စစ်တပ်က မိသားစုဝင်များကို အကြောင်းကြားခဲ့သည်။

အခြားဖြစ်စဉ်တစ်ခုတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက် ဗိုလ်နေဝင်းလမ်းမှ ဆောက်လုပ်ရေး ပစ္စည်းဆိုင်ပိုင်ရှင်ဖြစ်သူ အသက် (၄၆) နှစ်အရွယ် ကိုနန်းမြင့်ဦးကို စစ်ကောင်စီက ဖမ်းဆီးပြီး စစ်ကြောမေးမြန်း နေသည်။ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်များတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အတွက် ငွေကြေးထောက်ပံ့ခဲ့သည်ဟု ၎င်းကို စွပ်စွဲသည်။ ၎င်းပြင် လက်နက်ပါထောက်ပံ့ခဲ့သည်ဟု ဆိုပြန်သည်။

အထက်ပါဖြစ်စဉ် (၂) ခုစလုံးအတွက် တိကျခိုင်မာသည့် သက်သေအထောက်အထား မရှိချေ။ စစ်ကောင်စီက အပြစ်မဲ့ပြည်သူများကို အကြောင်းမရှိအကြောင်းရှာ ဖမ်းဆီးနေခြင်းဖြစ်သည်။ တရားမဝင် လက်နက်သယ်ဆောင်သည် ဟုဆိုကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၀(ဈ)နှင့် ၅၂(က) တို့ဖြင့် အမှုဖွင့်ခဲ့သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)နှင့် ၅၀(ည) အောက်တွင် ဒေသခံပြည်သူအနည်းဆုံး (၁၅) ဦးသည် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခံခဲ့ရသည်။ သံဖြူဇရပ်မြို့တွင် စစ်သားများက ဒေသခံပြည်သူများကို အမြဲမပြတ် စောင့်ကြည့်နေသည်။ နေအိမ်များကို ဝင်ရောက်ရှာဖွေခြင်း၊ လက်ကိုင်ဖုန်းများကို စစ်ဆေးသိမ်းဆည်းခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်းများ ပြုလုပ်နေသည်။ ၎င်းပြင် အမျိုးသားညီညွတ်ရေးအစိုးရနှင့် လက်နက်ကိုင် တော်လှန်ရေးကို ကူညီအားပေးသူများကို လိုက်လံဖမ်းဆီးပြီး နေအိမ်နှင့်ပိုင်ဆိုင်မှု (၂၀) နီးပါးကိုလည်း ချိပ်ပိတ် သိမ်းဆည်းခဲ့သည်။

"ပေါ်တာဆွဲခြင်း" အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများက ဆက်လက်မြင့်တက်နေသည်။ အမှတ် (၄၀၉) ခြေမြန်တပ်ရင်းမှ စစ်သားများက ထုံးဘိုကြီးကျေးရွာကို ဝင်ရောက်လာပြီး ဝီယော်ဒုက္ခသည်စခန်းမှ ဒေသခံပြည်သူ (၃) ဦးကို ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ဖမ်းဆီးခံရသူများမှာ အသက် (၄၀) အရွယ် စောဖိုးသက်၊ အသက် (၅၀) အရွယ် စောမောင်ဘောနှင့် အသက် (၆၃) နှစ်အရွယ် ဦးအောင်ဆန်းတို့ ဖြစ်သည်။

စစ်ကြောင်းက ဖမ်းဆီးခဲ့သူ (၃) ဦးကို ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း အနီးတဝိုက်တွင် စခန်းချတပ်စွဲထားဆဲဖြစ်သည်။ **“စစ်ကြောင်းဝင်လာတာနဲ့ ရွာသားတွေက ထွက်ပြေးနေပြီ။ အိမ်စောင့်ကျန်ခဲ့တဲ့လူ (၃) ယောက်ကို ဖမ်းသွားတာ”** ဟု ထုံးဘိုကြီး ဒေသခံတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် တိုက်ပွဲ (၃) ကြိမ် ဖြစ်ပွားခဲ့သည်။ ထုံးဘိုကြီးနှင့် ထုံးဘိုလေးကျေးရွာများအပါအဝင် ကျေးရွာ (၄) ရွာမှ ဒေသခံပြည်သူအများစုမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အကြမ်းဖက်ခံရမည်ကို ကြောက်ရွံ့သဖြင့် နေရပ်မပြန်နိုင်သေးချေ။

ဖေဖော်ဝါရီလ (၁၆) ရက်နေ့ နံနက် (၇) နာရီတွင် ဘုရားသုံးဆူ - သကေ္ကာလမ်း၌ စစ်ကောင်စီတပ်နှင့် တော်လှန်ရေး အင်အားစုများအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် လွှတ်ရှမ်းကျေးရွာမှ အမျိုးသားတစ်ဦး ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည်။

ရာဘာအစေးခြစ်နေသည့်မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်အရ အဆိုပါအမျိုးသားကို စစ်ကောင်စီတပ်သား များက ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းသည် သံဖြူဇရပ်မြို့တွင် ဆေးဝယ်ယူပြီး ရွာသို့ မော်တော်ဆိုင်ကယ် ဖြင့် ပြန်လာစဉ် ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်။ ရုပ်အလောင်းကို ပန်းကုန်းတန်းသင်္ချိုင်းတွင် မြှုပ်နှံခဲ့သည်။

တိုက်ပွဲပြီးနောက် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် (၁၀) ကြိမ်ထက်မနည်း ပစ်ခတ်ခဲ့သည်ဟု ရာဘာခြံလုပ်သားများက ပြောသည်။ လက်နက်ကြီးကျည်များသည် စံပြနှင့် ရဲတံခွန်ကျေးရွာများအနီးရှိ ရာဘာခြံများတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

**“ရာဘာပင် (၁၀) ပင်ကျော်ကျော်လောက် လက်နက်ကြီးထိပြီး ပျက်စီးသွားတယ်။ လက်နက်ကြီးက ကျွန်တော်နဲ့ ပေ (၂၀၀) လောက်အကွာမှာ ကျပြီး ပေါက်ကွဲခဲ့တာ။ ကြောက်လွန်းလို့ လမ်းတောင်မလျှောက်နိုင်ဘူး”** ဟု ရာဘာခြံလုပ်သားတစ်ဦးက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုကလည်း ပြည်သူတို့၏အသက်အိုးအိမ်ကို ခြိမ်းခြောက်နေသည်။ ၂၀၂၄ ဖေဖော်ဝါရီလ ဒုတိယအပတ်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းတာပန်ကျေးရွာကို စစ်ကောင်စီက လေကြောင်းဖြင့် ဗုံး (၂) ကြိမ် ကြဲချခဲ့သည်။ နေအိမ် (၁၇) လုံး ပျက်စီးခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။ လေကြောင်းတိုက်ခိုက်မှုကို ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် (၁) ကြိမ်၊ (၁၄) ရက်နေ့တွင် (၁) ကြိမ် ပြုလုပ်ခဲ့သည်။

**“ခုတော့ ရွာမှာ ဘယ်သူမှ မရှိတော့ဘူး။ လက်နက်ကြီးနဲ့ နေ့တိုင်းပစ်နေတော့ ဘယ်သူမှမနေရဲဘူး။ ရွာပြန်ပြီး အိမ်ပြန်ကြည့်တဲ့သူတွေတောင် ပြန်ပြေးလာကြပြီ”** ဟု ဝင်းတာပန်ဒေသခံတစ်ဦးက ပြောသည်။

“စစ်ကြောင်းဝင်လာတာနဲ့ ရွာသားတွေက ထွက်ပြေးနေပြီ။ အိမ်စောင့်ကျန်ခဲ့တဲ့လူ (၃) ယောက်ကို ဖမ်းသွားတာ”

ကရင်ပြည်နယ်

မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 8,500+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 16 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

မတရားဖမ်းဆီးမှုများသည် တနင်္သာရီတိုင်းတွင်လည်း ဆက်လက်ဖြစ်ပွားနေသည်။ အမျိုးသမီးများ၊ ကလေး သူငယ်များနှင့် ဇနီးမောင်နှံများ ဖမ်းဆီးခံနေရသည်။ ဖေဖော်ဝါရီလ (၃) ရက်နေ့ ညနေပိုင်းအချိန်တွင် ရေဖြူမြို့နယ် ဖောင်တောကျေးရွာမှ ကိုကျော်ဇင်၊ ဇနီးဖြစ်သူနှင့် ဦးထွန်းပိုင်တို့ကို စစ်ကောင်စီက အုန်းပင်ကွင်းကျေးရွာရှိ ၎င်းတို့၏ရာဘာခြံအတွင်းရှိ နေအိမ်တွင် ဖမ်းဆီးခဲ့သည်။

ဖေဖော်ဝါရီလ (၁၇) ရက်နေ့အထိ ဒေသခံပြည်သူ (၄) ဦးကို ပြန်လွှတ်မပေးသေးချေ။ ကိုကျော်ဇင်ကို မောရဝတီရေတပ်က အပြင်းအထန်ရိုက်နှက်ခဲ့ကြောင်း အမည်မဖော်လိုသူ စစ်တပ်သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်ဟု ဒေသခံရွာသားများက ပြောသည်။ ရိုက်နှက်မှုကြောင့် သေလုမျောပါးဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီလ (၁၅) ရက်နေ့ ညတွင် ရေဖြူမြို့နယ် သဲချောင်းကျေးရွာအုပ်စု သဘုတ်ချောင်းကျေးရွာမှ အသက် (၁၈) နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ မည်သည့်နေရာတွင် ဖမ်းဆီးထားသည်၊ မည်သည့်အကြောင်းကြောင့် ဖမ်းဆီးခံရသည်ကို သဲသဲကွဲကွဲ မသိရချေ။ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင်လည်း ဖောင်တောကျေးရွာမှ နေအိမ်တစ်လုံးကို စစ်ကောင်စီတပ်က ည (၁၁) နာရီအချိန်တွင် ဝင်ရောက်စီးနင်းခဲ့သော်လည်း ဦးထူးစိန်နှင့် ဦးကျော်ထူးတို့က ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ဖေဖော်ဝါရီလ ရက်သတ္တပတ် (၄) ပတ်တာ ကာလအတွင်း ရေဖြူမြို့နယ် ကံပေါက်နှင့် မင်းသားကျေးရွာများမှ ဒေသခံအမျိုးသမီး (၇) ဦးအထိ ဖမ်းဆီးခံခဲ့ရသည်။ တစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်လွှတ်ပေးခဲ့ခြင်း မရှိချေ။

ဖေဖော်ဝါရီလ (၁၉) ရက်နေ့ ညသန်းခေါင်အချိန်တွင် မဂ္ဂင်ရပ်ကွက်မှ အသက် (၅၀) အရွယ် ဒေါ်ယဉ်အေးကိုလည်းကောင်း၊ မိကျောင်းအိုင်ရပ်ကွက်မှ အသက် (၃၀) အရွယ် မသက်သက်မွန်ကိုလည်းကောင်း၊ သီရိမင်္ဂလာရပ်ကွက်မှ အသက် (၃၈) နှစ်ဝန်းကျင်ရှိ မနီလာစန်းနှင့် ဒေါ်ဇာခြည်မျိုးတို့ကိုလည်းကောင်း စစ်ကောင်စီက ၎င်းတို့၏နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။

ကံပေါက်ကျေးရွာ လှည်းကုန်းရပ်ကွက်မှ ဒေါ်ချိုချိုနှင့် ဒေါ်ညိုညိုတို့ ညီအစ်မနှစ်ဦးကို လည်း စစ်ကောင်စီက ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင်လည်း ကံပေါက်ကျေးရွာမှ ဈေးဝယ်ပြန်လာသည့် မင်းသားရွာသူ CDM ကျောင်းဆရာမ ဒေါ်ကေဂျာဦးကို စစ်ကောင်စီတပ်က ကံပေါက်နှင့် မင်းသားကျေးရွာ ကြားရှိ ဆင်ကူးကျေးရွာတောင်ကုန်းတွင် ဖမ်းဆီးခဲ့သည်။ ၎င်းညတွင်ပင် သဲချောင်း ကျေးရွာအုပ်စု သဘုတ်ချောင်းကျေးရွာမှ အသက် (၁၈) နှစ်အရွယ် မိန်းကလေးငယ် တစ်ဦးကို ထပ်မံဖမ်းဆီးခဲ့ပြန်သည်။

ဖေဖော်ဝါရီလ (၃) ရက်နေ့ ညနေပိုင်းတွင် အုန်းပင်ကွင်းကျေးရွာ မောရဝတီရေတပ် စခန်းတည်ရှိရာလမ်းတွင် နေထိုင်သူ အသက် (၃၇) နှစ်အရွယ် ကိုကျော်ဇင်နှင့် ဇနီးဖြစ်သူ ဖောင်တောရွာသူ အသက် (၃၈) နှစ်အရွယ် ဒေါ်လဲ့လဲ့ချိုတို့ကို ဖမ်းဆီးခေါ် ဆောင်သွားသည်။

ဖမ်းဆီးထားသည့်အမျိုးသမီးများကို မောရဝတီရေတပ်စခန်းတွင် ထိန်းသိမ်းထားသည် ဟု သိရသည်။ စစ်ကောင်စီ တပ်သားများသည် အုန်းပင်ကွင်း၊ ကံပေါက်၊ သဲချောင်းနှင့် ဖောင်တောကျေးရွာများတွင် စစ်ကားများဖြင့် နေ့စဉ်ကင်းလှည့်နေသည်။ အဆိုပါကျေးရွာ များရှိ နေအိမ်များကိုလည်း နေ့ရောညပါ ဝင်ရောက်ရှာဖွေနေပြီး သင်္ကာမကင်းဖြစ်ပါက ဒေသခံပြည်သူများ၏ လက်ကိုင်ဖုန်းများကိုပါ သိမ်းယူနေသည်။

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် အရှေ့တောဒေသတွင် တိုက်ပွဲများ ဆက်လက်ပြင်းထန် နေသည့်အပြင် စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်လာသည့်အတွက် ကျေးရွာ (၁၀) ရွာမှ ထောင်ပေါင်းများစွာသော ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင် နေရသည်။ ဖေဖော်ဝါရီလ (၁၇) မှ (၂၃) ရက်နေ့အထိ ထားဝယ်အရှေ့တော ဒေသတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အကြား တိုက်ပွဲပြင်းထန်စွာဖြစ်ပွား နေသည်။

လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ပခက်၊ ရမွှေ၊ လိပ်ကြွယ်ပြောင်၊ သရက်ငုတ်၊ သင်္ဘန်းတုံး၊ ဝကုန်း၊ ကျောက်မဲတောင်၊ ဟိန္ဒားနှင့် မေတ္တာကျေးရွာများ မှ ဒေသခံပြည်သူ (၄,၀၀၀) နီးပါး ထွက်ပြေးတိမ်းရှောင်နေရသည်။ “အခုထိ သေနတ်သံတွေ ကြားနေရတုန်းပဲ။ အခုက မေတ္တာရွာမှ စစ်လာရှောင်နေတယ်” ဟု စစ်ရှောင် အမျိုးသမီးတစ်ဦးက ပြောသည်။

စစ်ရှောင်ပြည်သူများသည် အနီးအနားရှိ ဥယျာဉ်ခြံများနှင့် တောတောင်များတွင် ပုန်းအောင်းနေရပြီး အမိုးအကာနှင့် အစားအသောက်များ အထူးလိုအပ်လျက်ရှိသည်။ တိုက်ပွဲများဖြစ်ပွားရာကျေးရွာများတွင် ရွာလုံးကျွတ် တိမ်းရှောင်နေရပြီး အိုးမဲ့အိမ် မဲ့ဖြစ်နေကြရသည်။ တိုက်ပွဲအတွင်း ဒေသခံပြည်သူ (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဝကုန်းရွာသား (၂) ဦး ဖမ်းဆီးခံခဲ့ရသည်။ နေအိမ်ထိခိုက်ပျက်စီးမှုများ ရှိခဲ့သော်လည်း အရေအတွက်အတိအကျကိုမူ မသိရချေ။

နှစ်ဖက်တိုက်ပွဲအတွင်း လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဖေဖော်ဝါရီလ (၂၁) နှင့် (၂၂) ရက်နေ့ ညနေပိုင်းအချိန်များတွင် စစ်ကောင်စီတပ်က Mi-2 တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် ဝကုန်းနှင့် ကျောက်မီးတောင်ကျေးရွာကြားကို ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။

တိုက်ပွဲအတွင်း စစ်ကောင်စီ၏ စစ်ကား (၁၂) စီး ပျက်စီးဆုံးရှုံးခဲ့ပြီး နောက်ထပ်စစ်ကား (၇) စီးမှ လက်နက်နှင့်ခဲယမ်းအမြောက်အမြားကို တော်လှန်ရေးအင်အားစုများက သိမ်းပိုက်ရရှိခဲ့သည်။

စစ်ကောင်စီတပ်သားများက ဟိန္ဒားကျေးရွာရှိ စစ်စခန်းနှင့် မေတ္တာနယ်မြေရဲစခန်းမှ ဆုတ်ခွာထွက်ပြေးသွားသဖြင့် အဆိုပါနေရာများကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဖေဖော်ဝါရီလ (၂၂) နှင့် (၂၃) ရက်နေ့များတွင် မီးရှို့ဖျက်ဆီးခဲ့သည်။ စစ်ရေးအခြေအနေက တင်းမာနေဆဲဖြစ်သည်။ သုတေသန အဖွဲ့အစည်းတစ်ခုဖြစ်သည့် FE5 Tanintharyi ၏ အစီရင်ခံစာအရ ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ တနင်္သာရီဒေသတွင် ဒေသခံပြည်သူစုစုပေါင်း (၄၄,၀၀၀) ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

> “အခုထိ သေနတ်သံတွေ ကြားနေရတုန်းပဲ။ အခုက မေတ္တာရွာမှ စစ်လာရှောင်နေတယ်”

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထို့မှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

---

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဖေဖော်ဝါရီလ ၂၀၂၄

---